# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 15 , 2023 Volume 67, Number 11


၁၅.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၃၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၃.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ယခုဘဏ္ဍာနှစ် (၂)လတာ ကာလအတွင်း ပြည်ပသို့ ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ရရှိထား


Source: Popular News Journal

ယခု ဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်း ပြည်ပသို့ ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဧပြီနှင့် မေလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ထားခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၂ သိန်းဖိုး ရရှိထားခြင်းဖြစ်ကာ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက တင်ပို့ရောင်းချမှု မရှိသေးကြောင်းလည်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုလားပဲတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၃၉ သန်းအထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းအချက်အလက်များအရ သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်၏ ကုလားပဲဈေးနှုန်းများမှာ ကုလားပဲလုံးဖြူ တစ်ပိဿာလျှင် ကျပ် ၄၄၀၀ မှ ၄၅၀၀၊ ကုလားပဲလုံးဖြူကြီး တစ်ပိဿာလျှင် ကျပ် ၄၅၀၀ မှ ၄၆၀၀၊ ကုလားပဲခြမ်းတစ်ပိဿာလျှင် ကျပ် ၅၈၀၀ မှ ၆၀၀၀ အထိရှိပြီး ကုလားပဲလုံးဖြူကြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ မှ ၁၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source: Popular News Journal**

## China–ASEAN Sugar Expo 2023 သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

China–ASEAN Sugar Expo 2023 ကို တရုတ်နိုင်ငံ၊ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Center ၌ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံလုပ်ငန်းရှင်များမှ ပြခန်းများပါဝင်ပြသရန် ဖိတ်ကြားလာပါသည်။

ကုန်စည်ပြပွဲကျင်းပပြုလုပ်ခြင်းမှာ သကြားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းနှင့်နိုင်ငံတကာရှိ သကြားလုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများအကြား စီးပွားရေးချိတ်ဆက်မှုကို မြှင့်တင်ပေးရန်နှင့် သကြားနှင့်ဆက်စပ်သောထုတ်ကုန်များနှင့် ကုန်ကြမ်းများဝယ်ယူမှုတို့ကို လွယ်ကူချောမွေ့စေရန်ဖြစ်ပါသည်။

ပြပွဲအကျယ်အဝန်းမှာ ၃၀၀၀၀ စတုရန်းမီတာရှိပြီး ပုံမှန်ပြခန်းတစ်ခန်းလျှင် ယွမ်(၇,၀၀၀)နှင့် (၃၆) စတုရန်းမီတာနှင့်အထက်ကို တစ်စတုရန်းမီတာလျှင် ယွမ် (၇၀၀) ကျသင့်မည်ဖြစ်သည်။ အာဆီယံနိုင်ငံများအတွက် (၃)မီတာပတ်လည် ပုံမှန်ပြခန်း (၄)ခန်း (သို့မဟုတ်) (၃၆) စတုရန်းမီတာ အကျယ်အဝန်းကို အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ပြီး လိုအပ်ပါက ပုံမှန်ပြခန်း တစ်ခန်းလျှင် ယွမ်(၂,၅၀၀) နှင့် (၃၆) စတုရန်းမီတာ အထက်ကို တစ်စတုရန်းမီတာလျှင် ယွမ် (၂၅၀) ဖြင့် ဈေးနှုန်းလျှော့ပေါ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပြည်တွင်းနှင့် နိုင်ငံတကာမှ ထင်ရှားသည့် သကြားနှင့်ဆက်စပ်လုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်သည်။ ပြပွဲ၌ စားသုံးနိုင်သောသကြား၊ သကြားထုတ်လုပ်ခြင်းနှင့် ထုတ်ပိုးမှုဆိုင်ရာ ကိရိယာများအား တရုတ်၊ ဘရာဇီး၊ ထိုင်းနှင့် ရုရှားတို့ကဲ့သို့သော သကြားအဓိကထုတ်လုပ်သည့်နိုင်ငံများမှ ပြသမည်ဖြစ်ပြီး သကြားနှင့်ဆက်စပ်သော အစားအစာများ၊ ကော်ဖီစေ့များ၊ သစ်သီးများ၊ သစ်သီးဖျော်ရည်ကုန်ကြမ်းများ၊ အုန်းရေ၊ ဟင်းရွက်ဆီများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အရှေ့တောင်အာရှမှ ဆန်ကွဲနှင့် ပဲများ ကဲ့သို့သော ကုန်ကြမ်းပစ္စည်းများ ပါဝင်ပြသကြမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%80

## Japan Jewellery Fair 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

Japan Jewellery Fair 2023 ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့ရှိ Tokyo Big Sight East Hall ၌ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပြခန်းများ ပါဝင်ပြသနိုင်ရန် ဖိတ်ကြားလာပါသည်။

အဆိုပါပြပွဲအား ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသတွင် ကမ္ဘာ့အကြီးဆုံး ကျောက်မျက်ရတနာပြပွဲကို ဦးဆောင်ကျင်းပခဲ့သည့် Informa Markets Japan နှင့် Japan Jewellery Association တို့မှ ကြီးမှူးကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ကုမ္ပဏီ (၄၀၀) ကျော်မှ ကျောက်မျက်ရတနာများ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%AF%E1%80%94%E1%80

## အပင်နှင့်အပင်ထွက်ပစ္စည်းများအပေါ် အပင်ပိုးမွှားကာကွယ်ရန် တရုတ်နိုင်ငံမှ အသိအမှတ်ပြုလက်မှတ်ပုံစံ ပြင်ဆင်ချမှတ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်းနိုင်ငံအတွင်းသို့ တင်သွင်းသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများအပေါ် အပင်ပိုးမွှားကာကွယ်သည့် အစီအမံအား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားစာ ပေးပို့ထားသည်ကို Central Registry of Notifications (CRN) ၏ web interface မှတစ်ဆင့် သိရှိရပါသည်။

နိုင်ငံတကာ အပင်၊ ပိုးမွှားဆိုင်ရာ အစီအမံများအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြန်လည်တင်ပို့ခြင်း (Re-Export) အတွက် အဝင်နှင့်အထွက် (၂) ရပ်လုံး၌ Phytosanitary Certificate ပုံစံ (template) လိုအပ်ချက်အား ပြန်လည်မွမ်းမံ

ခဲ့ကြောင်း ဖော်ပြထားပါသည်။ အဆိုပါအသိအမှတ်ပြု လက်မှတ်ပုံစံအသစ်များအား လာမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ စတင်၍ ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အကူးအပြောင်းကာလအတွင်း (၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ မတိုင်မီအထိ) ယခင်အသုံးပြုလျက်ရှိသည့် ပုံစံအဟောင်းနှင့် ယခုပြန်လည်မွမ်းမံသည့် ပုံစံအသစ် (၂) မျိုးလုံးအား အသုံးပြုသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

အသိအမှတ်ပြုလက်မှတ်ပုံစံတွင် သက်ဆိုင်ရာကုန်စည်၏ ထောက်ခံချက်၊ ပင်ရင်းနိုင်ငံ၊ ကုန်ချမည့်နေရာ၊ ဝယ်သူ/ ရောင်းသူ ကုမ္ပဏီလိပ်စာ စသည့်အချက်များကို မှန်ကန်စွာ ဖြည့်စွက်ရမည်ဖြစ်ပြီး ပြည့်စုံပါက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါတရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေး အကြောင်းကြားစာ ပေးပို့လာသည့် အပင်နှင့်အပင်ထွက်ပစ္စည်းများအပေါ် အသိအမှတ်ပြုလက်မှတ်နှင့်စပ်လျဉ်း၍ ပြင်ဆင် ထုတ်ပြန်သည့် နမူနာပုံစံနှင့်အသေးစိတ်အချက်အလက်များအား စိတ်ပါဝင်စားသည့် တင်ပို့သူ၊ ကုန်သည်/လုပ်ငန်းရှင်များ အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ https://docs.wto. org/dol2fe/Pages/SS/directdoc.aspx?filename=q:/ G/SPS/ NCHN1278.pdf&Open=True ၌ ဝင်ရောက်ကြည့်ရှုနိုင်ကြမည် ဖြစ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-international-trade

## အစားအစာများ ဘေးကင်းလုံခြုံစေရန် ပြည်ပမှတင်သွင်းသော အစားအစာများအတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာအား ဂျပန်နိုင်ငံက ပေးပို့ခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်သည့် ဂျပန်နိုင်ငံသည် ၎င်းနိုင်ငံအတွင်းသို့ တင်သွင်းသည့် အစားအစာများ ဘေးကင်း လုံခြုံစေရန်အတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာအား ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားစာ ပေးပို့ထားသည်ကို Central Registry of Notifications (CRN) ၏ web interface မှတစ်ဆင့် သိရှိရပါသည်။

အစားအစာသန့်ရှင်းရေးဥပဒေ (စိုက်ပျိုးရေးဓာတုဓာတ်ကြွင်းစံနှုန်းများ ပြန်လည်ပြင်ဆင်ခြင်း) အရ ဂျပန်နိုင်ငံသည် ငါးနှင့်အခွံမာ ရေနေသတ္တဝါများ၊ ခရုများနှင့် အခြားရေနေကျောရိုးမဲ့သတ္တဝါများ၊ စားသုံးနိုင်သော ဟင်းသီးဟင်းရွက်များနှင့် အချို့သော သစ်မြစ်များနှင့်သစ်ဥများ၊ စားသုံးနိုင်သော အသီးအနှံများနှင့်အခွံမာသီးများ၊ အသီးအနှံများ၏အခွံများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ကောက်ပဲသီးနှံများနှင့် အဆီအနှစ်နှင့် နွယ်ပင်အသီးအနှံများ၊ အစေ့အဆန်များ၊ မျိုးစေ့နှင့် အသီးတို့တင်ပို့ရာတွင် Inpyrfluxam ဓာတုပစ္စည်းအများဆုံး ကြွင်းကျန်မှုကို ကန့်သတ်မည့် စံချိန်စံညွှန်းဆိုင်ရာ အဆိုပြုလွှာကို ပေးပို့ခဲ့ပါသည်။ အဆိုပါအဆိုပြုချက်အပေါ် သဘောထားမှတ်ချက်ပေးပို့လိုပါက ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့ထိ ပေးပို့နိုင်ပြီး အဆိုပြုချက်ကို သဘောတူလက်ခံ၍ ဖြန့်ဝေမည့်ရက်အား သဘောထားမှတ်ချက်ပေးသည့်ရက် ကုန်ဆုံးပြီးနောက် ဆောလျင်စွာထုတ်ပြန်မည်ဖြစ်ကြောင်း သိရှိရပါသည်။ စတင်ကျင့်သုံးမည့်ရက်အား အတိအကျ ဖော်ပြထားခြင်းမရှိသော်လည်း ကန့်သတ်မည့်စံချိန်စံညွှန်းအား အတည်ပြုပြီးနောက် စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါဂျပန်နိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားစာ ပေးပို့လာသည့် အစားအစာများအတွက် သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို ပြန်လည်ပြင်ဆင်သည့် အဆိုပြုလွှာနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက် များအား စိတ်ပါဝင်စားသည့် တင်ပို့သူ၊ ကုန်သည်/လုပ်ငန်းရှင်များအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ https://docs.wto.org/ dol2fe/ Pages/SS/directdoc.aspx?filename=q:/G/SPS/NJPN1206.pdf&Open=True ၌ ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-international-trade

## မေလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ချိန် (၁) သိန်းကျော် တင်ပို့နိုင်ခဲ့

ပြီးခဲ့သည့် မေလတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် မက်ထရစ်တန်ချိန် ၁၁၇၀၆ တန် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန် ဝင်ငွေ ကန်ဒေါ်လာ (၄၈) သန်း ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်မှ သိရသည်။

ပြည်ပဆန်တင်ပို့မှုအနေဖြင့် ကုမ္ပဏီပေါင်း (၄၁) ခုမှ တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုအနေဖြင့် ၁၀၂၈၀၁ မက်ထရစ်တန်နှင့် နယ်စပ်လမ်းကြောင်းမှ တင်ပို့မှု ၇၉၀၅ မက်ထရစ်တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ပြည်ပဆန်တင်ပို့မှု မက်ထရစ်တန်ချိန် ၄၆၇၈၆ တန်နှင့် ဆန်ကွဲ ၆၃၉၂၀ မက်ထရစ်တန် တင်ပို့ထားပြီး ဆန်တင်ပို့မှုတွင် တူရကီနိုင်ငံသို့ မက်ထရစ်တန်ချိန် ၁၁၃၇၆ တန်၊ စပိန်နိုင်ငံသို့ မက်ထရစ်တန်ချိန် ၄၄၄၉ တန်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ မက်ထရစ်တန်ချိန် ၄၁၂၅ တန်၊ ဘူဂေးရီးယားနိုင်ငံသို့ မက်ထရစ်တန်ချိန် ၃၇၄၇ တန်၊ ပေါ်တူဂီနိုင်ငံသို့ မက်ထရစ်တန်ချိန် ၂၇၅၀ တန် အပါအဝင် အခြားနိုင်ငံပေါင်း (၁၁) နိုင်ငံသို့ မက်ထရစ်တန်ချိန် ၂၀၃၃၉ တန် တင်ပို့ထားကြောင်း သိရသည်။

ထို့ပြင် ဆန်ကွဲတင်ပို့မှုတွင် ဘယ်လ်ဂျီယံနိုင်ငံသို့ မက်ထရစ်တန်ချိန် ၂၅၉၂၅ တန်၊ နယ်သာလန်နိုင်ငံသို့ မက်ထရ စ်တန်ချိန် ၁၃၅၀၀ တန်၊ တရုတ်နိုင်ငံသို့ မက်ထရစ်တန်ချိန် ၁၂၀၃၅ တန်၊ ပိုလန်နိုင်ငံသို့ မက်ထရစ်တန်ချိန် ၄၀၅၀ တန်၊ စပိန်နိုင်ငံသို့ မက်ထရစ်တန်ချိန် ၄၀၀၀ တန် အပါအဝင် အခြားနိုင်ငံ (၅) နိုင်ငံသို့ မက်ထရစ်တန်ချိန် ၄၄၁၀ တန်တင်ပို့ထားကြောင်း သိရသည်။

ပြီးခဲ့သည့် ဧပြီလအတွင်းက ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုတန်ချိန် ၈၇၆၄၈ တန် တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ (၃၆) သန်းရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှစ်လတာ ကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတန်ချိန် (၁၉၈၃၅၄) တန် တင်ပို့ထားပြီး ပို့ကုန်ရငွေ ကန်ဒေါ်လာ (၈၄) သန်း ရရှိထားကြောင်း သိရသည်။

Source: Popular News Journal

## အာလူးအရောင်းအဝယ်အေးသော်လည်း ဈေးမြင့်တက်




ပြည်တွင်းစားသုံးသူဈေးကွက်တွင် အာလူးအရောင်းအဝယ်အေးသော်လည်း အရည်အသွေးပေါ်မူတည်၍ အာလူး တစ်ပိဿာလျှင် ၃၀၀ ကျပ်မှ ၇၀၀ ကျပ်အတွင်း ဈေးမြင့်တက်ခဲ့ကြောင်း အာလူးစိုက်ပျိုးထုတ်လုပ် ရောင်းချသူများထံမှ သတင်းရရှိသည်။

ရှမ်းပြည်နယ် အောင်ပန်းဈေးကွက်တွင် အာလူးဂေါ်လီမှာ တစ်ပိဿာလျှင် ၁၆၀၀၊ ဆွဲ တစ်ပိဿာလျှင် ၁၈၀၀ ကျပ်၊ A1 တစ်ပိဿာလျှင် ၂၀၀၀ ကျပ်၊ အိုခေ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်၊ S1 တစ်ပိဿာလျှင် ၂၈၀၀ ကျပ် ပေါက်ဈေးရှိသည်။

ဇွန်လ ပထမအပတ်အတွင်း အာလူးဂေါ်လီမှာ တစ်ပိဿာလျှင် ၆၀၀ ကျပ်ခန့်၊ အာလူးဆွဲမှာ တစ်ပိဿာလျှင် ၃၀၀ ကျပ်ခန့်၊ A1 တစ်ပိဿာလျှင် ၇၀၀ ကျပ်ခန့်၊ အိုခေနှင့် S1 တစ်ပိဿာလျှင် ၅၀၀ ကျပ်စီ ဈေးနှုန်းများ တက်လာခြင်းဖြစ်သည်။ "အရောင်းအဝယ်လိုက်လို့ ဈေးတက်လာတာ မဟုတ်ဘူး။ အာလူးသိပ်မရှိလို့ ဈေးတက်လာတာ၊ အရောင်းအဝယ်က အေးတယ်။ ဈေးကလည်းမြင့်တော့ မစားနိုင်တဲ့သူတွေများလာတယ်"ဟု အောင်ပန်းကုန်စည်ဈေးကွက်မှ ကိုရှိန်းကိုကိုက ပြောသည်။

ယခုနှစ် အာလူးစိုက်ရာသီတွင် စိုက်ပျိုးစရိတ်ကြီးမြင့်လာသောကြောင့် တောင်သူတိုင်း အာလူးမစိုက်ပျိုးနိုင်သည့် အတွက် အာလူးထွက်နှုန်းလည်း လျော့ကျကြောင်း၊ ထို့အပြင် မေလ ၁၄ ရက်တွင် ဝင်ရောက်ခဲ့သော မိုခါမုန်တိုင်းကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် မိုးရွာခဲ့သဖြင့် အာလူးများတူးဖော်ရာသီတွင် အာလူးများပုတ်၍ ပျက်စီးခဲ့ကြောင်း ရှမ်းပြည်နယ်အောင်ပန်းဈေးကွက်မှ သတင်းရရှိသည်။ "အရောင်းအဝယ်က ပါးတယ်။ ပုံမှန် ငါးအိတ်ယူတဲ့သူက အခု ၂ အိတ်ပဲယူတယ်။ ပြီးတော့ ကုန်ကလည်း လိုသလောက်မဝင်ဘူး။ အရင်က ပွဲရုံတစ်ရုံမှာ တစ်ရက်ကို ခြောက်ဘီးကား အစီး၂၀ ဝင်တယ်။ အခု အဲဒီလောက်မဝင်ဘူး။ လေးငါးခြောက်စီးပဲဝင်တယ်" ဟု အောင်ပန်းမြို့အခြေစိုက် နန်းမေဇော်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခင်က အောင်ပန်းကုန်စည်ဈေးကွက်တွင် ပွဲရုံတစ်ရုံလျှင် ယခင်က တစ်ရက်လျှင် ခြောက်ဘီးကား အစီး၂၀ ဝင်ရောက်သော်လည်း ယခုအခါ တစ်ရက်လျှင် လေး ၊ ငါး ၊ ခြောက်စီးခန့်သာ အဝင်ရှိကြောင်း အောင်ပန်းဈေးကွက်မှ သတင်းရရှိသည်။

မန္တလေးမြို့ အာလူးဈေးကွက်တွင် အိုခေ တစ်ပိဿာလျှင် ၂၆၀၀ ကျပ်၊ A1 တစ်ပိဿာလျှင် ၂၄၀၀ ကျပ်ရှိပြီး အာလူး တစ်ပိဿာလျှင် ၆၀၀ ကျပ် ဈေးတက်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည် ဈေးကွက်မှသတင်းရရှိသည်။ "အရောင်းအဝယ် ပါးတယ်။ အရောင်းအဝယ်လိုက်လို့ ဈေးတက်လာတာ မဟုတ်ဘူး။ အရင်ကဆိုရင် အာလူးတစ်ပိဿာမှ ၂၀၀၀ ဝန်းကျင်က အများဆုံးပဲ" မန္တလေးမြို့ အာလူးရောင်းချသူတစ်ဦးကပြောသည်။

ရန်ကုန် ဘုရင့်နောင်ဈေးကွက်တွင် ဟဲဟိုးအာလူးများသာအဝင်ရှိပြီး ဇွန်လ ၁၀ ရက်တွင် အာလူး ၇ စီး ၊ ပိဿာချိန် ၄၂၀၀၀ အဝင်ရှိပြီး A1 တစ်ပိဿာ ၂၂၅၀၊ အိုခီ တစ်ပိဿာ ၂၅၅၀၊ S1 တစ်ပိဿာ၂၅၅၀၊ S2 တစ်ပိဿာ ၂၄၅၀ ကျပ် တစ်ပတ်အတွင်း ၃၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ လက်လီဈေးကွက်တွင် အာလူးငေါ်လီကိုသာ ဈေးကွက်တင်ရောင်းချကြပြီး တစ်ပိဿာလျှင် ၃၀၀၀ ကျပ် ပေါက်ဈေးရှိကာ အရောင်းအဝယ်မှာေးလျက်ရှိကြောင်း လက်လီရောင်းချသူများထံမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အာလူးစိုက်ဧရိယာ၏ ၇၅ ရာခိုင်နှုန်းကျော်သည် ရှမ်းပြည်နယ်တွင်စိုက်ပျိုးပြီး ကျန်ဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးကြသည်။

ရှမ်းပြည်နယ်တွင် မိုးအာလူးကို မတ်လ၊ ဧပြီလတွင်စိုက်ပျိုးကြပြီး ဩဂုတ်၊ စက်တင်ဘာလတွင် တူးဖော် ကြသည်။ မြေပြန့်ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အောက်တိုဘာလ၊ နိုဝင်ဘာလ တို့တွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် တူးဖော်ကြသည်။

**(AMIA)**

**Source: Myanma Awba**

TIR